# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## ပထမနေ့အစီအစဉ်

[ ၂၅-၇-၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေ ဧရိယာအတွင်းရှိ မူလကတ္တရာလမ်းများ ပျက်စီးနေမှုအား ကတ္တရာဖြင့်ပင် ထပ်ပိုး၍ ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ မင်းကင်းမြို့တွင် မဟာဓာတ်အားလိုင်းမှ တစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်၊ မည်သည့်အချိန်တွင် ဓာတ်အားဖြန့်ဖြူးမှု ဆောင်ရွက်နိုင်ပါမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေကျင်ရေအားလျှပ်စစ် ရေကာတာဆောက်လုပ်ရာတွင် ဥယျာဉ်၊ ခြံမြေ လယ်ယာကိုင်းများ နစ်မြုပ်သိမ်းဆည်းခံရသည့် ဒေသခံ ပြည်သူများ၏ နစ်နာချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ မဏိပူရစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည် ဆိုပါက ဒေသခံများ နှင့် နိုင်ငံတော်အတွက် ရေရှည်မှာ အကျိုးကျေးဇူး ရရှိမည်ဖြစ်ပါ သဖြင့် ပြည်သူလူထုအတွင်း ပွင့်လင်းမြင်သာစွာ ချပြပြီး ဆောင်ရွက်ရန် ရှိ၊ မရှိ သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ မြဝတီမြို့နယ်၊ ထီးချားရားဒေသတွင် ရေနံစမ်းသပ်ရှာဖွေ တူးဖော်ခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ ပခုက္ကူမြို့နယ်၊ နံ့ပို့လျှပ်စစ် မြစ်ရေတင်စီမံကိန်းအား လျှပ်စစ်ဗို့အား ပြည့်မီအောင် ဆောင်ရွက် ပေးနိုင်ခြင်းရှိ၊ မရှိ၊ ပြည့်မီအောင် မပေးနိုင်ပါက အဘယ့်ကြောင့် ဆိုသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "ရန်ကုန် မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "မန္တလေး မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။